# Assistance Association for Political Prisoners (Burma)

## နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

**P.O Box 93, Mae Sot, Tak Province 63110, Thailand**
**e.mail: info@aappb.org  website: www.aappb.org**

---

လက်ရှိအုပ်ချုပ်နေတဲ့ စစ်တပ်ကဗိုလ်ချုပ်ကြီးတွေ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဦးခွန်ထွန်းဦးလိုမျိုး အကျဉ်းချခံနိုင်ငံရေးခေါင်းဆောင်တွေအပါအဝင် အခြားတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်တွေကြား ခေါင်းဆောင်ပိုင်းအဆင့်တွေ့ဆုံညှိနှိုင်းရေးက အင်မတန်အရေးကြီးပါတယ်။ လွတ်လွတ်လပ်လပ်လုပ်ကိုင်ဆောင်ရွက်ဖို့အခွင့်အရေးပေးမယ်ဆိုရင် မြန်မာပြည်တနံတလျား ပြည်သူအများလေးစားခံရတဲ့ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်၊ ဟာသသရုပ်ဆောင် ကိုဇာဂနာနဲ့ သံဃာ့ခေါင်းဆောင် ဦးဂမ္ဘီရလိုမျိုး အကျဉ်းချခံခေါင်းဆောင်တွေက တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်တွေအတွက် ပြည်သူလူထုကို ဦးဆောင်စုစည်းပြီး ကူညီပေးနိုင်ပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေဟာ သူတို့ရဲ့ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တန်းတူညီမျှရေးနဲ့ ကိုယ့်ကြမ္မာကိုယ် ဖန်တီးပိုင်ခွင့်အစရှိသဖြင့်တို့ကိုယုံကြည်ပြီး တစိုက်မတ်မတ်လုပ်ကိုင်ရင်း သူတို့ရဲ့နိုင်ငံရေးယုံကြည်ချက်တွေကြောင့် မတရားတဲ့ ဥပဒေတွေအောက်မှာ ထောင်သွင်းအကျဉ်းချတာကို ခံကြရပါတယ်။ ဒေသဆိုင်ရာအဆင့်မှာတောင် အကျဉ်းထောင်တွေက လွတ်မြောက်လာကြတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေက တွေ့ဆုံဆွေးနွေးရေး စပြီဆိုတာနဲ့ လုပ်ငန်းစဉ်တိုးတက်အောင်မြင်ဖို့ ကူညီနိုင်ကြပါတယ်။ နိုင်ငံရေးအကျဉ်းသားဟောင်းအများစုဟာ (ရဟန်းသံဃာတွေ၊ အလုပ်သမားခေါင်းဆောင်တွေ၊ ရှေ့နေတွေ၊ ကျောင်းဆရာတွေ၊ ဆရာဝန်တွေ၊ စာနယ်ဇင်းသမားတွေ အစရှိသဖြ

နိုင်ငံရေးရာထူးတွေလက်ခံလို့မရအောင် ဖယ်ထုတ် ထားတာ၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ လူ့အခွင့်အရေး၊ အပြစ်ပေးအရေးယူခံရခြင်းမှကင်းလွတ်ခွင့်နဲ့ တရားမျှတအမှီအခို ကင်းတဲ့ တရားစီရင်ရေးစနစ် စတဲ့ကိစ္စရပ်မျိုးတွေ ဖော်ထုတ်ပြောဆိုနိုင်ဖို့ ၂၀၀၈ အခြေခံဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်ချက် တခု လုပ်ဆောင်ဖို့က အင်မတန်အရေးကြီးပါတယ်။ ဒါ့အပြင် နိုင်ငံရေးအကျဉ်းသားတွေရဲ့ နိုင်ငံရေး လုပ်ငန်းစဉ်တွေမှာပါဝင်ခွင့်ကိုအာမခံတဲ့အနေနဲ့ သူတို့အပေါ်မတရားစွဲဆိုထားတဲ့ ရာဇဝတ်ပုဒ်မတွေကိုဖယ်ရှားမပစ်ပဲနဲ့တော့ ရွေးကောက်ပွဲတွေကို လွတ်လပ်တယ် တရားမျှတတယ်လို့သတ်မှတ်လို့မရပါဘူး။ လက်တွေ့အနေနဲ့ပြောမယ်ဆိုရင်တော့ ဒါက နိုင်ငံရေးအကျဉ်းသား တွေရဲ့ နိုင်ငံရေးသမားအဖြစ်ရပ်တည်ဖို့၊ လွတ်လပ်မျှတတဲ့ (နိုင်ငံတကာကစောင့်ကြည့်အာမခံတဲ့) ရွေးကောက်ပွဲတွေမှာ ပါဝင်မဲပေးဖို့၊ နိုင်ငံရေးပါတီတွေမှာဝင်ရောက်လုပ်နိုင်ဖို့၊ နိုင်ငံရေးပါတီတွေ ဒါမှမဟုတ်လူထုအခြေခံ အဖွဲ့အစည်းတွေဖွဲ့စည်းနိုင်ဖို့ ရပိုင်ခွင့် အခွင့်အရေးပဲဖြစ်ပါတယ်။ အရေအတွက်အားဖြင့် ၁၀၀၀၀ ကျော်တဲ့ နိုင်ငံရေး အကျဉ်းသားဟောင်းအားလုံးအတွက်လဲ ဒီအခွင့်အရေးတွေရအောင် ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။

နိုင်ငံရေးအရအရေးကြီးတဲ့ကာလတွေမှာ နိုင်ငံတကာအသိုင်းအဝိုင်းကို အဓိကဦးတည်ပြီး နှစ်သိမ့်တဲ့အနေနဲ့ (နအဖက) ၂၀၀၈ နိုဝင်ဘာလကစပြီး အထွေထွေလွတ်ငြိမ်းသက်သာခွင့် ပေးခဲ့တာ စုစုပေါင်းခြောက်ကြိမ်ရှိပါပြီ။ နအဖ စာရင်းဇယားတွေအရ လွတ်မြောက်လာသူစုစုပေါင်းရဲ့ တစ်ဒသမသုံးရာခိုင်နှုန်းသာလျှင် နိုင်ငံရေး အကျဉ်းသားတွေဖြစ်ပါတယ်။

*ထောင်ထဲမှာ ကျနော်နေသင့်တဲ့အချိန်ထက် ပိုကြာအောင် နေခဲ့ရပြီးနောက်မှတော့ ကျနော့်ကို ရာဇဝတ်ဥပဒေပုဒ်မ အပိုဒ်ခွဲ ၄၀၁ နဲ့လွှတ်မယ်ဆိုတာ ဘယ်လိုမှလက်မခံနိုင်ပါဘူး။ ကျနော့်ကိုအမိန့်ချထားတဲ့ အချိန်ကာလထက်ကြာအောင် ထောင်ထဲမှာထားပြီးမှ လွှတ်ပေးခဲ့တာပါ။ ဒါတောင်မှသူတို့က ကျနော့်ကို ပုဒ်မ ၄၀၁နဲ့လွှတ်ပေးဖို့လုပ်ပါသေးတယ်။ မနေ့က တနေ့လုံး ဒီအချက်ပေါ်မူတည်ပြီး အခြေအတင်ပြောခဲ့ရတာပါ။ ကျနော်နိုင်ငံရေးအကျဉ်းသားတယောက်အဖြစ်နဲ့ ထောင်ထဲက ထွက်ချင်တယ်လို့ ကျနော်သူတို့ကို ပြောခဲ့ရတာပါ။*

*ဦးဝင်းတင်။ ။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့သူအဖွဲ့ဝင်တဦးဖြစ်ပြီး စက်တင်ဘာ ၂၀၀၈တွင် အထွေထွေလွတ်ငြိမ်းချမ်းခွင့်အရလွတ်မြောက်လာခဲ့သူ*

နအဖက အဲဒီအထွေထွေလွတ်ငြိမ်းသက်သာခွင့်တွေတိုင်းမှာ ရာဇဝတ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းဥပဒေ အပိုဒ်ခွဲ ၄၀၁ ကိုတရားဝင်လုပ်ထုံး အဖြစ် အသုံးပြု ခဲ့ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သမ္မတကို အပိုဒ် ၄၀၁ အပိုဒ်ခွဲ ၁ အရ ပြစ်ဒဏ်လျှော့ပေါ့ပေးပိုင်ခွင့်၊ အပိုဒ်ခွဲ ၃ အရအဲဒီလို လျှော့ပေးထားတာကို ပယ်ဖျက်ပိုင်ခွင့်နဲ့ မည်သူမဆိုကို မူရင်း ပြစ်ဒဏ် ကနေ လျှော့ပေးထားတဲ့ လက်ကျန်ပြစ်ဒဏ်ပြန်ခံဖို့ ဖမ်းဝရမ်းမလိုပဲ ပြန်လည် ဖမ်းဆီးပိုင်ခွင့်တွေ အပ်နှင်းထားပါတယ်။ အဲဒီအာဏာက တရားစီရင်ရေး ပေါ်မှာမူတည်တာ မဟုတ်ပဲ အုပ်ချုပ်ရေး အာဏာပေါ်မှာ မူတည်နေတာကိုတွေ့ရပါတယ်။

အကျဉ်းထောင်အသီးသီးကလွတ်မြောက်ပြီးနောက်မှာတောင် နိုင်ငံရေး အကျဉ်းသားဟောင်းတွေဟာ နည်းမျိုးစုံနဲ့ လူ့အခွင့်အရေး ချိုးဖောက်တာတွေကို ဆက်လက် တွေ့ကြုံရင်ဆိုင်ကြရပါတယ်။ သူတို့ဟာ စစ်ထောက်လှမ်းရေးနဲ့ သတင်းပေးတွေ၊ သူလျှိုတွေရဲ့ အဆက်မပြတ် စောင့်ကြည့်တာ မျိုးခံရပါတယ်။ စိတ်ထင်တိုင်း ဖမ်းတာမျိုး၊ သူတို့တင်မက မိသားစုတွေပါ အနှောက်အယှက် အပေးခံရတာမျိုး၊ ခြိမ်းခြောက် ခံရတာမျိုးတွေဟာ နိုင်ငံရေး အကျဉ်းသားဟောင်းတွေ နေ့စဉ်နဲ့ အမျှ ရင်ဆိုင်နေရတာတွေ ဖြစ်ပါတယ်။ နိုင်ငံရေး အကျဉ်းသားဟောင်းတွေဟာ ပညာရေးနဲ့ အလုပ်အကိုင် အခွင့် အလမ်းတွေ ပိတ်ပင်တားဆီးတာမျိုးတွေ ရင်ဆိုင်ကြရ ပါတယ်။ စစ်အုပ်ချုပ်ရေးစနစ်အောက်မှာ ဆယ်စုပေါင်းများစွာကြာအောင် နေခဲ့ရလို့ ပျံ့နှံ့နေတဲ့

*စစ်ထောက်လှမ်းရေးက ကျမအိမ်ကိုလာပြီး စောင့်ကြည့်တာမျိုး လုပ်ပါတယ်။ ကျမအိမ်အပြင် ထွက်ပြီဆိုရင် နောက်ကအမြဲ လိုက်တယ်။ ကျမဘယ်သွားသွား သူတို့ကအထက်ကို အကြိမ်တိုင်း အစီရင်ခံစာတင်ရတယ်။ အဲဒီအတွက်စိတ်ညစ်တာမျိုး ဖြစ်ပေမယ့် ကြောက်တော့မကြောက်ပါဘူး။ တခြားသူတွေ အထူးသဖြင့် ကျမမိတ်ဆွေတွေအတွက်အဆင်မပြေမှာကိုတော့ ကျမစိတ်ပူတယ်။ ဒီနေ့အထိ ကျမအိမ်ကိုစောင့်ကြည့်တာမျိုး ရှိသေးတယ်။*

*၂၀၀၂ ခုနှစ်တွင် ထောင်မှလွတ်မြောက်ခဲ့သူ အမျိုးသမီးနိုင်ငံရေး အကျဉ်းသား သီတာထွေး*

အကြောက်တရားကြောင့် နိုင်ငံရေး အကျဉ်းသားဟောင်းတွေရဲ့ အိမ်နီးချင်းတွေ၊ မိတ်ဆွေသူငယ်ချင်းတွေက သူတို့ ကိုယ်တိုင်အဖမ်းခံရမှာစိုးရွံ့ပြီး နိုင်ငံရေး အကျဉ်းသားဟောင်းတွေနဲ့ မဆက်ဆံရဲတာမျိုးတွေရှိပါတယ်။ အာဏာပိုင်တွေက နိုင်ငံရေး အကျဉ်းသားဟောင်းတွေ နိုင်ငံရေးဆက်မလုပ်နိုင်အောင်၊ နိုင်ငံရေးမှာဆက်မပါနိုင်အောင် အစွမ်းကုန်ပိတ်ပင် ထားပါတယ်။ ပုဒ်မ ၄၀၁ အရ ပြန်အဖမ်းခံရဖို့စိုးရိမ်ရပေမယ့် နိုင်ငံရေး အကျဉ်းသားဟောင်းအများစုကတော့ နိုင်ငံရေး ဆက်လုပ်ကြပါတယ်။

နအဖဖက်က နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို စစ်မှန်တဲ့နိုင်ငံရေးဆန္ဒနဲ့လွှတ်ပေးဖို့ အထွေထွေလွှတ်ငြိမ်း သက်သာခွင့်တခုဆောင်ကျဉ်းပေးဖို့လိုအပ်နေပါတယ်။ အဲဒီလွှတ်ငြိမ်းသက်သာခွင့်က အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်ဖို့ ကျယ်ပြန့်တဲ့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်တခုအတွက် လမ်းခင်းပေးပါလိမ့်မယ်။ နိုင်ငံရေးအကျဉ်းသားတွေ ရှိနေတာနဲ့အမျှ မြန်မာပြည်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုတာမျိုးတွေ ရှိလာနိုင်မှာမဟုတ်ပါဘူး။

## နိုင်ငံတကာအသိုင်းအဝိုင်းသို့တိုက်တွန်းချက်များ

နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ ညီညီညွတ်ညွတ်နဲ့ရပ်တည်ပြီး လက်ရှိနအဖစစ်အစိုးရအပေါ် တရားဝင် ဖိအားပေးဖို့ အောက်ဖော်ပြပါအဆင့်တွေအမြန်ဆုံး မဖြစ်မနေလုပ်ဖို့လိုအပ်ပါတယ်

၁။ နိုင်ငံရေးအကျဉ်းသားတွေကိုတရားဝင်အသိအမှတ်ပြုပြီး စစ်မှန်တဲ့လွှတ်ငြိမ်းချမ်းသာခွင့်နဲ့ ခြွင်းချက်မရှိလွှတ်ပေးဖို့

၂။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနဲ့ အခြားတိုင်းရင်းသားအုပ်စုတွေကို ကိုယ်စားပြုမယ့် ကိုယ်စားလှယ်တွေပါဝင်တဲ့ ကျယ်ပြန့်ထိရောက်တဲ့သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးတခုစတင်ဖို့

၃။ အမျိုးသားပြန်လည်ရင်ကြားစေ့နိုင်ရေးအတွက် ကျယ်ပြန့်ထိရောက်တဲ့သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးရဲ့ အစိတ်အပိုင်း တခုအဖြစ်၊ အထူးသဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်တွေကိုကိုင်တွယ်ဖို့ရာ ၂၀၀၈ အခြေခံဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်ဖို့

- က။ နိုင်ငံရေးအကျဉ်းသားများကို နိုင်ငံရေးရာထူးအဆင့်အတန်းများရယူခြင်းမှ ဖယ်ထုတ်ထားခြင်း
- ခ။ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများအတွက် တန်းတူညီမျှရေးနဲ့ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်
- ဂ။ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်
- ဃ။ လူ့အခွင့်အရေး ကာကွယ်ရေး
- င။ အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်

၄။ နိုင်ငံရေးအကျဉ်းသားဟောင်းတွေအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ခြွင်းချက်မရှိ အပြည့်အဝပါဝင်နိုင်ရေးအတွက် သူတို့အပေါ်ချမှတ်ထားတဲ့ရာဇဝတ်ပြစ်မှုတွေကို ပယ်ဖျက်ပေးဖို့

၅။ မြန်မာပြည်သူအားလုံးအပေါ်ကျူးလွန်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုအားလုံးကို ရပ်တန့်ဖို့တို့ဖြစ်ပါတယ်။